Special Advisory Council for
MYANMAR

# အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံပြည်သူလူထု၏ စစ်မှန်သည့်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရမည်။

နေ့စွဲ။ ။ ၆၊ ဩဂုတ်၊ ၂၀၂၁။

ASEAN မှ အသစ်ခန့်အပ်လိုက်သော အထူးကိုယ်စားလှယ်သည် စစ်အုပ်စုအနေဖြင့် ၎င်းတို့ မြန်မာပြည်သူလူထုအပေါ် ကျူးလွန်နေသော အကြမ်းဖက်မှုများကို လုံးဝဥဿုံရပ်တန့်စေရန် အာမခံရမည်ဖြစ်ပြီး မြန်မာပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေး အစိုးရ အပါအဝင် စစ်မှန်သည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရန် လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြားလိုပါသည်။

ASEAN ၏ မြန်မာနိုင်ငံ အထူးကိုယ်စားလှယ်ဖြစ်သော ဘရူနိုင်းဒါရူဆလင်မ် နိုင်ငံ၏ အမှတ်၂ နိုင်ငံခြားရေး ဝန်ကြီး Erywan Yusof အားခန့်အပ်ခြင်းသည် စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်မှ ပြီးခဲ့သည့် ၆ လအတွင်း ကျူးလွန်ခဲ့သည့် အရေးကိစ္စများကို ASEAN အနေဖြင့် ဖြေရှင်းရာတွင် ကောင်းသော အလှည့်အပြောင်းကို ယူဆောင်လာနိုင်ရမည်ဖြစ်သည်။ ASEAN အနေဖြင့် ၎င်းတို့၏ သဘောတူညီချက် ၅ခုကို ရရှိပြီးသည့်နောက် အထူးကိုယ်စားလှယ် ခန့်အပ်ရန် ၃ လတိတိ ကြာမြင့်ခဲ့ပြီး စစ်အုပ်စုမှလွဲ၍ အခြားသူများနှင့် တိုင်ပင်ဆွေးနွေးရမည့် အချက်ကို လျစ်လျူရှုခဲ့သည်။

**"အချိန်တွေဆွဲ၊ လူရာပေါင်းများစွာ အသတ်သေဆုံးပြီးတဲ့နောက်မှာတော့ ထပ်ပြီး အချိန်တွေဖြုန်းစရာလည်း မကျန်တော့ပါဘူး၊ သဘောတူညီချက်၅ချက်ကို အကောင်အထည်ဖော်ဖို့က အရေးအကြီးဆုံးဖြစ်လာပါပြီ၊ ဒီကိစ္စကို အထူးကိုယ်စားလှယ်အနေဖြင့် စစ်အုပ်စုမှ တစ်နိုင်ငံလုံးဆိုင်ရာ ချက်ချင်း အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ပြီး စစ်အုပ်စုအနေနဲ့ စစ်တန်းလျားကို ပြန်ကို ပြန်ကြဖို့ ဖြစ်လာဖို့ရာမှာ စွမ်းဆောင်သင့်ပါတယ်"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ၏ အဖွဲ့ဝင် **Chris Sidoti** မှ ပြောဆိုခဲ့ပါသည်။

အသစ်ခန့်အပ်လိုက်သည့် အထူးအကြံပေးအနေဖြင့် ASEAN ၏ ကိုယ်စားလှယ်ဖြစ်သည့် အားလျော်စွာ ယခု အကျပ်အတည်းကို ဖြေရှင်းရန်အတွက် ဒေသတွင်း ၁၀ နိုင်ငံ၏ ကြိုးပမ်းမှုများကို ဦးဆောင်နေကြောင်းလည်း တွေ့ရသည်။

ယခုကာလများတွင် စစ်အုပ်စု၏ ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူ တစ်ထောင်ခန့်နှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများ၊ အခြားပြည်သူများအား သတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ခြင်းတို့ကိုလည်း ဆန်းစစ်ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ စစ်အုပ်စု၏ ဆိုးရွားပြင်းထန်လှသော လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သားပြည်သူများအပေါ် လက်နက်ကြီးများသုံးစွဲပစ်ခတ်ခြင်းနှင့် အဆမတန်အင်အားသုံးဖြိုခွင်းခြင်းများကြောင့် အရပ်သားပြည်သူပေါင်းများစွာ သေကြေပျက်စီးခဲ့ရပြီး လူပေါင်း ၂၃၀၀၀၀ လည်း အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ အချို့ကျေးရွာများသည် ရွာလုံးကျွတ် သုသာန်တစ်စပြင်ကဲ့သို့ ခြောက်သွေ့ပြီး အချို့ကျေးရွာများမှာမူ ရွာလုံးကျွတ် ပျက်စီးခဲ့ကြရသည်။

စစ်အုပ်စု၏ ပြည်သူလူထုအပေါ် ကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုများသည် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရ ကိုယ်စားပြုသော ပြည်သူလူထုမှ စစ်အုပ်စုအား ပြန်လည် ခုခံတိုက်ခိုက်ရန်နှင့် ဒီမိုကရေစီအရေး အောင်မြင်ရန် လှုပ်ရှားမှုများတွင်သာ

ပိုမိုအားကောင်းလာခဲ့သည်။ ယခုအချိန်တွင် စစ်အာဏာမသိမ်းမီ ကာလများကဲ့သို့ တစ်ဝက်တစ်ပျက် ဒီမိုကရေစီ စနစ်အား ပြန်သွားရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။

**"ASEAN အနေနဲ့ အခုအချိန်ထိ တစ်ခုခုလုပ်ဖို့ရာမှာ မင်းအောင်လှိုင်ကိုပဲ ခုထိ စောင့်ဆိုင်းနေတာမျိုးက လက်ခံနိုင်ဖွယ်ရာ မရှိပါဘူး၊ ခြောက်လကြာပြီးနောက်မှာ ကွဲပြားစွာသိလာရတာက စစ်အုပ်စုမှာ ယခုဖြစ်ပေါ်နေတဲ့ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေကို အနိုင်ယူပစ်လိုက်ဖို့အတွက် စစ်အင်အားရော၊ နိုင်ငံရေးအင်အားပါ မရှိဘူးဆိုတာပါပဲ။ ပိုမိုကောင်းမွန်တဲ့ တိုးတက်မှုတွေဖြစ်ဖို့အတွက်တော့** ASEAN **အထူးကိုယ်စားလှယ်အနေနဲ့ မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး အစိုးရရော၊ စစ်အုပ်စုနဲ့ပါ စကားပြောဆိုဆွေးနွေးမှုတွေ လုပ်ဖို့ လိုအပ်ပါတယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် **Marzuki Darusman** မှ ပြောကြားခဲ့ပါသည်။

မြန်မာပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသည့် စစ်မှန်သည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန်မှာ မည်၍မည်မျှပင် အရေးကြီးကြောင်းကို မြန်မာပြည်တွင် ကြုံတွေ့နေရသည့် ကိုဗစ် တတိယလှိုင်း ကပ်ဘေးက မီးမောင်းထိုးပြနေသည်။ စစ်အုပ်စုသည် ကိုဗစ်တတိယလှိုင်းကို လွှတ်ထားသည်သာမက ၄င်းတို့အနေဖြင့် ကပ်ရောဂါကို လက်နက်သဖွယ် အသုံးပြုပြီး နိုင်ငံရေး အမြတ်ထုတ်နေကြသည်။

စစ်အုပ်စုမှ နိုင်ငံတစ်နိုင်ငံ အစိုးရ၏ တာဝန်များကို ထမ်းဆောင်ရန် စွမ်းဆောင်ရည်မရှိသည့်၊ မည်သည့် ထိန်းချုပ်မှုမှ မလုပ်နိုင်သည့် လေဟာနယ်ကာလတွင် ဗဟိုချုပ်ကိုင်မှုမရှိသော ပြည်တွင်းလုပ်အားပေးသူများ၊ တိုင်းရင်းသားဒေသများရှိ ဝန်ဆောင်မှုပေးနေကြသူများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များနှင့် ဒီမိုကရေစီအရေးလှုပ်ရှားမှုများတွင် ပါဝင်နေကြသူများသည် အများပြည်သူတို့၏ အသက်ကို

ကယ်တင်ရန် လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များ ပေါင်းစည်းထားသော ကိုဗစ်-၁၉ ကပ်ဘေးကို တုန့်ပြန်နိုင်ရန် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့သည် မြန်မာနိုင်ငံအတွင်းသို့ အသက်ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိနိုင်ရန်နှင့် လိုအပ်သည့်နေရာများကို ဖြန့်ဖြူးနိုင်ရန်အတွက် ငွေအကူအညီများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်နိုင်စေရေးအတွက် လိုအပ်သည့် အားထုတ်ညွှန်ကြားမှုများကို ပြုလုပ်လျက်ရှိသည်။

**"ASEAN ရဲ့ ထိရောက်မှုမရှိ၊ အားလျော့တဲ့ တုန့်ပြန်ပုံတွေဟာ စစ်အုပ်စုအနေနဲ့ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်တဲ့ အကြမ်းဖက်မှု အနေအထားထိ ရောက်လာပြီဖြစ်တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ပိုပြီးအားပေးအားမြှောက်လုပ်သလို ဖြစ်နေပါတယ်၊ ဒီတော့ ASEAN ရဲ့ အထူးကိုယ်စားလှယ်အနေနဲ့ စစ်အုပ်စုနဲ့ပဲ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေမယ်ဆိုရင် မြန်မာပြည်သူလူထုအနေနဲ့ ဆိုးကျိုးတွေ ဆက်လက်ကြုံတွေ့ခံစားနေရတာတောင် ASEAN အထူးကိုယ်စားလှယ်ဟာ စစ်အုပ်စုရဲ့ လိမ်လည်လှည့်ဖျားခြင်းကို ခံနေရဦးမှာဖြစ်ပါတယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင် **Yanghee Lee** မှ ပြောကြားခဲ့ပါတယ်။